### ပြည်ထောင်စုမြန်မာနိုင်ငံတော်
### နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၀၄)

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေပုဒ်မ ၃၁ ၏ နောက်တွင် ပုဒ်မ ၃၁–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၃၁–က။ မည်သူမဆို ဤဥပဒေအရ ပေးပို့သည့် သို့မဟုတ် ပေးပို့ရန်ရှိသည့် သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သာမန်ထက်ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှုအတွက် ပေးပို့သော သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဤဥပဒေအရ စုံစမ်းစစ်ဆေးသည့် သို့မဟုတ် စုံစမ်းစစ်ဆေးရန်ရှိသည့် သတင်း သို့မဟုတ် ကိစ္စတရပ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ သတင်းပေးပို့ခြင်းနှင့်သက်ဆိုင်သူ သို့မဟုတ် အမှုသည်အပါအဝင် အခြားသူတဦးဦးကို ထုတ်ဖော်ပြောဆိုကြောင်း၊ ပြသကြောင်း သို့မဟုတ် တနည်းနည်းဖြင့် အသိပေးကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့ရာတွင် ဤပုဒ်မသည် အမှုစစ်အရာရှိ၊ ရှေ့နေ၊ ရှေ့ရပ်၊ နိုတြီပဗ္ဗလစ်၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ၊ စာရင်းကိုင် သို့မဟုတ် အခြား ပုဂ္ဂိုလ်တဦးဦးက ဥပဒေနှင့်အညီဆောင်ရွက်ရာတွင် အမှုသည်ကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်တဦးဦးကိုဖြစ်စေ တာဝန်အရ သတင်းအချက်အလက် သို့မဟုတ် ကိစ္စတရပ်ရပ်ကို ထုတ်ဖော်ပြောဆိုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ